ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
https://nugmyanmar.org
ကြေညာချက် (၈/၂၀၂၃)
၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်

၁။ မင်းအောင်လှိုင်ဦးဆောင်သော အကြမ်းဖက်စစ်တပ်က နိုင်ငံတော်အာဏာကို လုယူသိမ်းပိုက်ချိန်မှစ၍ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုများသည် ယခင်ကာလများထက် ပိုမိုဖြစ်ပွားလာခဲ့ပြီး နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများအဖြစ် အိမ်နီးချင်းနိုင်ငံများအထိပါ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများ၏အန္တရာယ် ကြီးမားကျယ်ပြန့်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

၂။ အမျိုးသားညီညွတ်ရေးအစိုးရသည် လူသားတို့အား အညွန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ၏ ဘေးအန္တရာယ် တားဆီးကာကွယ်ရေးကို တော်လှန်ရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်သည်။

၃။ အမျိုးသားညီညွတ်ရေးအစိုးရသည် မြန်မာနိုင်ငံက သဘောတူလက်မှတ်ရေးထိုးထားသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ တရားမဝင် သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းများပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်သွားမည်။

၄။ အမျိုးသားညီညွတ်ရေးအစိုးရသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေ (၁၉၉၃)နှင့် ယင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၈) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများကို လိုအပ်သည့်ယန္တရားများ ဖွဲ့စည်း၍ ကုလသမဂ္ဂကွန်ဗင်းရှင်းဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများ၊ မဟာမိတ်တော်လှန်ရေးအင်အားစုများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည်။

၅။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူလူထု၏ပါဝင်မှုသည် များစွာအရေးကြီးသဖြင့် ပြည်သူများအနေဖြင့် မိမိတို့အစိုးရနှင့်အတူ ပူးပေါင်းပါဝင်နိုင်ကြပါရန် ပန်ကြားအပ်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ